UNITED NATIONS
HUMAN RIGHTS COUNCIL

# သတင်းထုတ်ပြန်ချက်

## လိင်ပိုင်းဆိုင်ရာနှင့် ကျားမ အခြေပြု အကြမ်းဖက်ခံရသူများအတွက် တရားမျှတမှုကို ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးမစ်ရှင် တောင်းဆို။ ။

**(၂၀၁၉) ဩဂုတ်လ (၂၂)ရက်၊ နယူးယောက်မြို့ ကုလသမဂ္ဂ။ ။** မြန်မာ့စစ်တပ်က တိုင်းရင်းသား လူနည်းစုများကို ခြိမ်းခြောက်ခြင်း၊ အပြစ်ပေးခြင်းအနေနှင့်၊ လိင်ပိုင်းဆိုင်ရာနှင့် ကျားမအခြေပြု အကြမ်းဖက်ခြင်းကို ရပ်တန့်သင့်သည်ဟု မြန်မာနိုင်ငံဆိုင်ရာ သီးသန့်လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေး မစ်ရှင်က ဆိုသည်။ ဤရက်စက်သော နည်းဗျူဟာကို ကချင်နှင့် ရှမ်းပြည်နယ်တို့တွင် ဆက်လက် အသုံးပြုနေဆဲဖြစ်ပြီး၊ (၂၀၁၇) "ရှင်းလင်းစစ်ဆင်ရေးများ"ကြားတွင်၊ ရခိုင်ပြည်နယ်ရှိ အကြမ်းဖက်မှုတို့က ပြင်းထန်၍ ပျံ့နှံ့လွန်းလှသဖြင့်၊ ရိုဟင်ဂျာပြည်သူလူထုကို ဖျက်ဆီးလိုသည့် အစိုးရ၏ မျိုးဖြုတ်လိုသောရည်ရွယ်ချက် (genocidal intent)ကို ၎င်းတို့က ညွှန်ပြသည့် အချက်တစ်ချက်ဖြစ်သည်ဟု မစ်ရှင်ကဆိုသည်။

ကြာသပတေးနေ့က နယူးယောက်မြို့တွင် ထုတ်ပြန်လိုက်သော အစီရင်ခံစာအသစ်တွင် စစ်သားများက အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ကာ၊ အမျိုးသမီးများ၊ မိန်းကလေးများ၊ ယောကျ်ားလေးများ၊ အမျိုးသားများနှင့် Transgenderများအပေါ် ပုံမှန်၊ စနစ်တကျ မုဒိမ်းကျင့်ခြင်း၊ အုပ်စုဖွဲ့မုဒိမ်းကျင့်ခြင်းနှင့် တခြားအတင်းအဓမ္မ၊ အကြမ်းဖက်လိင်ပိုင်းဆိုင်ရာလုပ်ရပ်များကို ကျူးလွန်ကြသည်ဟု မစ်ရှင်က ကောက်ချက်ချလိုက်သည်။

"အလွန်အကျွံ ကိုယ်ထိလက်ရောက် အကြမ်းဖက်မှု၊ ၎င်းတို့ကို ပွင့်ပွင့်လင်းလင်း ကျူးလွန်နိုင်မှုတို့က၊ အရပ်သားများကို အရှက်ခွဲခြင်း၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ နာကျင်မှုနှင့် ဆင်းရဲဒုက္ခတို့ကို ပြင်းပြင်းထန်ထန် ခံစားရအောင် တမင်တကာ လုပ်ခြင်းစသည်တို့ကို သည်းခံနေလေ့ရှိသည့် ကျယ်ပြန့်သော ဓလေ့ထုံးစံကို ညွှန်ပြသည်" ဟု အစီရင်ခံစာကဆိုသည်။

"မြန်မာနိုင်ငံတစ်ဝှမ်းရှိ လိင်အုပ်စုအားလုံးအပေါ် စစ်တပ်က ကျူးလွန်ခဲ့တဲ့၊ ကြီးမားလှတဲ့ လိင်ပိုင်းဆိုင်ရာ နာကျင်မှုနဲ့ ဆင်းရဲဒုက္ခတွေအတွက် နိုင်ငံတကာအသိုင်းအဝိုင်းက မြန်မာ့စစ်တပ်ကို တာဝန်ခံမှုရှိစေရမယ်" ဟု အချက်အလက်ရှာဖွေရေး မစ်ရှင်၏ ဥက္ကဋ္ဌဖြစ်သူ မာဇူကီး ဒါရူစမန်းကဆိုသည်။

မြန်မာနိုင်ငံမြောက်ပိုင်းရှိ ကချင်၊ ရှမ်း နှင့် အနောက်ပိုင်းရှိ ရခိုင်ပြည်နယ်တို့မှ၊ ရာချီသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုခံရပြီး အသက်ရှင်ကျန်ရစ်သူများနှင့် မျက်မြင်သက်သေများကို မစ်ရှင်က အင်တာဗျူးများ မေးမြန်းဆောင်ရွက်ခဲ့သည်။ (၂၀၁၇) ဩဂုတ်လ (၂၅)ရက်နေ့တွင် စတင်ခဲ့သော စစ်တပ်၏

"ရှင်းလင်းစစ်ဆင်ရေးများ"ကြောင့် ရိုဟင်ဂျာ(၇)သိန်းကျော် ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေး တိမ်းရှောင်ခဲ့ကြသည်။ ၎င်းစစ်ဆင်ရေးများ စတင်ခဲ့သော နှစ်နှစ်ပြည့် နှစ်ပတ်လည်နေ့တွင်၊ တာဝန်ခံမှု ဆက်လက်လိုအပ်နေသေးကြောင်းကို အမှတ်ရစေရန် လက်ရှိအစီရင်ခံစာက အရေးတကြီး သတိပေး လိုက်သည်။

"လိင်ပိုင်းဆိုင်ရာနဲ့ ကျားမအခြေပြု အကြမ်းဖက်မှုဆိုင်ရာ အစီရင်ခံစာတွေမှာ၊ များသောအားဖြင့်၊ အမျိုးသားတွေ၊ ယောကျ်ားလေးတွေနဲ့ Transgenderတွေအပေါ် ကျူးလွန်တဲ့ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေကို ဖော်ပြခြင်းမရှိတဲ့ လိုအပ်ချက်တစ်ခု ပါတတ်တယ်"ဟု မစ်ရှင်၏ ကျွမ်းကျင်ပညာရှင် ရဒီကာကူမရာဆွာမိကဆိုသည်။ "ကျွန်မတို့ရဲ့ တွေ့ရှိချက်တွေက အဲဒီလိုအပ်ချက်ကိုလည်း ဖြည့်ဆည်း ပေးနိုင်ခဲ့တယ်လေ။"

"တိတ်ဆိတ်နေခြင်းကို ရပ်သင့်ပြီ" ဟု သူမကဆိုလိုက်သည်။

စစ်တပ်က ကျူးလွန်ခဲ့သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများသည် "အရပ်သားပြည်သူများအား ခြိမ်းခြောက်ရန်၊ အကြမ်းဖက်ရန်နှင့် အပြစ်ပေးရန် တမင်တကာ ရည်ရွယ်ချက်ဖြင့်၊ အစီအစဉ် ကောင်းကောင်းဆွဲထားသော မဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။" စုဆောင်းခဲ့သော ကြားနာမှုများ အပေါ်မူတည်၍ ဤကဲ့သို့သာ ကောက်ချက်ချနိုင်သည်ဟု မစ်ရှင်ကဆိုသည်။

တပ်မတော်ခေါ် မြန်မာ့စစ်တပ်က ရိုဟင်ဂျာပြည်သူလူထုအပေါ် မျိုးဖြုတ်လိုသော ရည်ရွယ်ချက် (genocidal intent)ကို အောက်ပါလုပ်ရပ်များဖြင့် ဖော်ပြလိုက်သည်ဟု အစီရင်ခံစာကဆိုသည်။ "အမျိုးသမီးများနှင့် မိန်းကလေးများကို ပုံ့ပုံ့နှံ့နှံ့နှင့် စနစ်တကျ သတ်ဖြတ်ခြင်း၊ မျိုးဆက်ပွားနိုင်သည့် အရွယ်ရောက် အမျိုးသမီး များနှင့် မိန်းကလေးများကို စနစ်တကျ ရွေးချယ်၍ မုဒိမ်းကျင့်ခြင်း၊ ကိုယ်ဝန်ဆောင်များနှင့် မွေးကင်းစများကို တိုက်ခိုက်ခြင်း၊ မျိုးပွားအင်္ဂါများကို ဖြတ်တောက်ခြင်း နှင့် တခြားဒဏ်ရာရစေခြင်း၊ ၎င်းတို့၏ ပါး၊ လည်ပင်း၊ နို့အိမ် နှင့် ပေါင်တို့တွင် ကိုက်ရာများဖြင့် ရုပ်ပိုင်းဆိုင်ရာ အမှတ်တံဆိပ်ခတ်ခြင်း၊ ခံရသူများကို ၎င်းတို့၏ အိမ်ထောင်ဖက်များနှင့် လိင်ဆက်ဆံမှု မပြုနိုင် သို့မဟုတ် သန္ဓေမယူနိုင်တော့သည်အထိ ပြင်းထန်စွာ ဒဏ်ရာရစေခြင်းနှင့် ၎င်းတို့အား ကလေးမမွေးနိုင်တော့မည်ကို စိုးရိမ်ပူပန်စေခြင်း" စသည် တို့ဖြင့် ဖြစ်သည်။

အကြမ်းဖက်မှု အများစုမှာ အမျိုးသမီးများနှင့် မိန်းကလေးများကို ပစ်မှတ်ထား၍၊ ၎င်းတို့ကို ထိုးနှက်ခြင်း၊ ဆေးလိပ်များဖြင့် အသားကို မီးရှို့ခြင်း၊ ဓားများဖြင့် လှီးဖြတ်ခြင်း၊ မုဒိမ်းကျင့်ခြင်း နှင့် စစ်တပ်စခန်းများတွင် လိင်ကျွန်များအနေနှင့် ထိန်းသိမ်းထားခြင်းတို့ ပါဝင်သည်။ အမျိုးသားများနှင့် ယောကျ်ားလေးများအား မုဒိမ်းကျင့်ခြင်း၊ အဓမ္မအင်္ကျီအားလုံးချွတ်ခိုင်းခြင်းနှင့် လိင်ပိုင်းဆိုင်ရာ နှိပ်စက်ညှဉ်းပန်းခြင်း စသည့် အမှုများ ကိုလည်း အစီရင်ခံစာက မှတ်တမ်းတင်ခဲ့သည်။

"ဒီလိုမျိုး ကုလအစီရင်ခံစာမှာ ပထမဆုံး အနေနဲ့ ကျွန်တော်တို့က Transgender ပုဂ္ဂိုလ်တွေအပေါ် ကျူးလွန်ခဲ့တဲ့ အကြမ်းဖက်မှုတွေကို ရှင်းရှင်းလင်းလင်း မီးမောင်းထိုးပြနိုင်ခဲ့ပါတယ်" ဟု မစ်ရှင်၏

ကျွမ်းကျင်ပညာရှင် ခရစ္စတိုဖာ စီဒိုတီကဆိုသည်။ "Transgender ရိုဟင်ဂျာအမျိုးသမီးတွေနဲ့ ကျွန်တော်တို့က စကားပြောခဲ့ပါတယ်။ သူတို့က နှစ်ကြိမ်ခံရတဲ့သူတွေပါ။ ရိုဟင်ဂျာဖြစ်လို့ တစ်ကြိမ်နဲ့ Transgender ဖြစ်လို့ နောက်တစ်ကြိမ်ပေါ့။"

အမျိုးသားများနှင့် ယောက်ျားလေးများအပေါ်၊ တစ်ခါတစ်ရံ အသက်ဆုံးရှုံးသည်အထိ၊ ကျူးလွန်ခဲ့သော မုဒိမ်းကျင့်ခြင်း၊ အုပ်စုဖွဲ့မုဒိမ်းကျင့်ခြင်း၊ တခြားလိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းတို့ကိုလည်း အစီရင်ခံစာက မှတ်တမ်းတင်ခဲ့သည်။ ကချင်ပြည်နယ်၏ မြစ်ကြီးနားမြို့နယ်၌ ဖြစ်ပွားခဲ့သော ဖြစ်ရပ်တစ်ခုတွင် မြန်မာ့ ထောက်လှမ်းရေးရုံးမှ ဝန်ထမ်းများက ထိန်းသိမ်းခံထားရသော အမျိုးသားနှစ်ဦးကို အတင်းအဓမ္မ အကျီချွတ်၍၊ တစ်ဦးကို တစ်ဦးမုဒိမ်းကျင့်ခိုင်းခဲ့သည်။ ထိုဝန်ထမ်းများက ၎င်းကို ထိုင်ကြည့်စဉ်၊ ရယ်မော၍ "ဘယ်လိုလဲ၊ အရသာရှိလား"ဟု မေးခဲ့ကြသည်ဟု ဆိုသည်။

မြန်မာနိုင်ငံတွင်းနှင့် တိုင်းရင်းသား အသိုင်းအဝိုင်းတွင်းရှိ၊ ကျားမတန်းတူမညီမျှမှုက လိင်ပိုင်းဆိုင်ရာနှင့် ကျားမအခြေပြု အကြမ်းဖက်မှုများကို မည်ကဲ့သို့ ပေါ်ပေါက်စေသည်ကိုလည်း အစီရင်ခံစာက လေ့လာခဲ့သည်။

ပြစ်မှုကျူးလွန်သူများ တာဝန်ခံမှုရှိရေးသည် အရေးကြီးကြောင်းကို အလေးပေးနိုင်ရန်၊ အစောပိုင်းက လူ့အခွင့်အရေးကောင်စီသို့ တင်ပြခဲ့သော (၂၀၁၈) အစီရင်ခံစာပါ တွေ့ရှိချက်များကို နောက်ဆုံးအခြေအနေနှင့်အညီ မွမ်းမံရန် မလုပ်မဖြစ်လိုအပ်သည်ဟု မစ်ရှင်က ယူဆခဲ့သည်။

ဤလုပ်ရပ်အများစုသည် စစ်ရာဇဝတ်မှုများ၊ လူသားတမျိုးနွယ်လုံးအပေါ် သက်ရောက်သည့် ရာဇဝတ်မှုများနှင့် မျိုးဖြုတ်ခြင်းလုပ်ရပ် အပါအဝင်၊ အပြည်ပြည်ဆိုင်ရာ ဥပဒေလက်အောက်ရှိ ရာဇဝတ်မှုများ အရာရောက်သည်။ သို့သော်လည်း၊ မြန်မာနိုင်ငံအစိုးရက ပြည်တွင်းရှိ လိင်ပိုင်းဆိုင်ရာ နှင့် ကျားမအခြေပြု အကြမ်းဖက်မှုများကို ရပ်တန့်ရန်၊ ကြိုတင်ကာကွယ်ရန်နှင့် အရေးယူရန်၊ သို့မဟုတ်၊ တာဝန်ရှိသူများကို တာဝန်ခံစေရန် ပျက်ကွက်ခဲ့သည်။

သိန်းချီသော ရိုဟင်ဂျာများ အိမ်ပြန်ရန် အလွန်ကြောက်ရွံ့သဖြင့်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဆက်လက်ပိတ်မိနေသော အခြေအနေတွင်၊ လက်ရှိ အစီရင်ခံစာက ပြစ်မှုကျူးလွန်သူတို့အား တာဝန်ခံမှု အပြည့်အဝ ရှိစေပြီး၊ ခံရသူများ တရားမျှတမှုရှိစေရန် လိုအပ်ကြောင်း အမှတ်ရစေဖို့ အရေးတကြီး သတိပေးလိုက်ပါသည်။ ဤကဲ့သို့ ဆိုးရွားသော ပြစ်မှုများအတွက် တာဝန်ခံမှုကို အရေးပေါ် ဦးစားပေးရန်၊ မြန်မာနိုင်ငံအစိုးရ၊ လုံခြုံရေး ကောင်စီနှင့် နိုင်ငံတကာအသိုင်းအဝိုင်းတို့အား ၎င်းက တိုက်တွန်းခဲ့သည်။

(၂၀၁၉) စက်တင်ဘာလတွင်၊ အချက်အလက်ရှာဖွေရေး မစ်ရှင်းက ၎င်းတို့၏ အပြီးသတ်အစီရင်ခံစာကို ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသို့ တင်ပြမည်ဖြစ်သည်။

**နိဂုံးချုပ်။ ။**

(၂၀၁၇)ခုနှစ်၊ မတ်လ (၂၄)ရက်နေ့တွင်၊ လူ့အခွင့်အရေးကောင်စီက၊ ဆုံးဖြတ်ချက် အစီရင်ခံစာ (၃၄/၂၂) မှ တဆင့်၊ မြန်မာနိုင်ငံဆိုင်ရာ သီးသန့်လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေး မစ်ရှင်းကို အရေးပေါ် တည်ထောင်ရန် ဆုံးဖြတ်ချက်ချခဲ့သည်။ ၎င်းကို လူ့အခွင့်အရေးကောင်စီ၏ သမ္မတမှူးကြီးက ရွေးချယ်ခန့်အပ်ရန် ဖြစ်ပြီး၊ မြန်မာနိုင်ငံ၊ အထူးသဖြင့် ရခိုင်ပြည်နယ်အတွင်း၊ မကြာသေးမီ အချိန်၌ တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့များက လူ့အခွင့်အရေး ချိုးဖောက်မှုများ ကျူးလွန်ခဲ့သည်ဆိုသော စွပ်စွဲချက်များ၊ အလွဲသုံးစားပြုမှုများ စသည်တို့နှင့် ပတ်သက်သည့် အချက်အလက်၊ အခြေအနေများကို အတည်ပြုရန် လုပ်ပိုင်ခွင့်ပေးအပ်ခဲ့သည်။ ချိုးဖောက်မှုများတွင် တရားမဲ့ထိန်းသိမ်းခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း နှင့် လူသူမဆန် ပြုမူဆက်ဆံခြင်း၊ မုဒိမ်းကျင့်ခြင်းနှင့် တခြား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းများ၊ တရားမဝင် လူသတ်ဖြတ်ခြင်း၊ အစဖျောက်ခြင်း၊ အင်အားသုံး၍ နယ်မြေမှ ဖယ်ရှားခြင်းနှင့်  တရားလက်လွတ် ပစ္စည်းဥစ္စာများအား ဖျက်ဆီးခြင်း တို့ ပါဝင်ပြီး၊ ပြစ်မှုကျူးလွန်သူတို့အား တာဝန်ခံမှုအပြည့်အဝရှိစေပြီး၊ ခံရသူများ တရားမျှတမှုရှိစေရန် ရည်ရွယ်ကာ၊ မစ်ရှင်းကို တည်ထောင်ခဲ့သည်။

**ကျွမ်းကျင်ပညာရှင်များ။ ။**

ရှေ့နေနှင့် လူ့အခွင့်အရေး လှုံ့ဆော်သူ၊ အင်ဒိုနီးရှားနိုင်ငံသား၊ ရှေ့နေချုပ်ဟောင်း မာဇူကီး ဒါရူစမန်းက အချက်အလက်ရှာဖွေရေး မစ်ရှင်း၏ ဥက္ကဋ္ဌဖြစ်သည်။  အချက်အလက်ရှာဖွေရေး မစ်ရှင်း၏ နောက် အဖွဲ့ဝင်နှစ်ဦးမှာ ရှေ့နေဖြစ်သူ၊ ကုလသမဂ္ဂ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများဆိုင်ရာ အထူးကိုယ်စားလှယ်ဟောင်းနှင့် ကုလသမဂ္ဂ ကလေးများနှင့် လက်နက်ကိုင်တိုက်ပွဲဆိုင်ရာ အထူးကိုယ်စားလှယ်ဟောင်း ရဒီကာကူမရာဆွာမိနှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးရှေ့နေနှင့် ဩစတြေးလျနိုင်ငံသား လူ့အခွင့်အရေးမင်းကြီးဟောင်း ခရစ္စတိုဖာစီဒိုတီတို့ ဖြစ်ကြသည်။

မြန်မာနိုင်ငံဆိုင်ရာ၊ သီးသန့်လွတ်လပ်သော၊ နိုင်ငံတကာ အချက်အလက်ရှာဖွေရေး မစ်ရှင်း၏ ဝက်ဘ်ဆိုက်
https://www.ohchr.org/EN/HRBodies/HRC/MyanmarFFM/Pages/Index.aspx

**ဆက်လက်သိရှိလိုပါက၊ မီဒီယာများ မေးမြန်းလိုပါက အောက်ပါအတိုင်း ဆက်သွယ်နိုင်ပါသည်။**

ဘန်ကောက်မြို့တွင် တော့ဒ်ပစ်မန်း (Todd Pitman)။ ။ +၆၆ ၆၃ ၂၁၆ ၉၀၈၀၊ todd.pitman@un.org
ဂျနီဗာမြို့တွင် ကစ်တီမက်ကင်စီ (Kitty McKinsey)။ ။ +၄၁ ၂၂ ၉၇၈ ၃၁၅၊ kmckinsey@ohchr.org
သို့မဟုတ် နယူးယောက်မြို့တွင် နီနက်ဘာစစ် (Nenad Vasić)။ ။ +၁၉၁၇ ၉၄၁ ၇၅၅၈၊ vasic@un.org